


# ငယ်ငယ်တုန်းကတော့ သတင်းထောက်

(သတင်းဝတ္ထုများ)

စမ်းစမ်းနွဲ့ (သာယာဝတီ)

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ငယ်ငယ်တုန်းကတော့ သတင်းထောက်

## (သတင်းဝတ္ထုများ)

စမ်းစမ်းနွဲ့ (သာယာဝတီ)

ဂျိုးထောင်မှ လွတ်ပြီး ၁၁ ရက် အကြာတွင်
ကျွန်မ လူဖြစ်ခဲ့ပါသည်။
သို့သော်...
ဆယ်ကျော်သက်စ တက်ကြွထက်သန်နေသော အရွယ်တွင်
ထိုဖြစ်ရပ်ဟောင်းကို ဖတ်ရှု စွဲလမ်းမိရာက စိတ်ကူးစိတ်သန်းတွေ
ပွံ့ဖြိုးခဲ့ဖူးကြောင်း ဝန်ခံရပါမည်။
အများအလွှင်းတခု၊ မတရားမှုတခု၏ သားကောင်များကို ညွှတ်ကွင်းမှ
ကယ်ထုတ်နိုင်စွမ်းသော သတင်းစာဆရာတို့၏ သတ္တိ ဗျတ္တိကို
မလေးစားဘဲ မနေနိုင်။ အားမကျဘဲ မနေနိုင်။

ငယ်ငယ်တုန်းကတော့ သတင်းထောက်
4 425686 170100

mgyoe.com

mgyoe.com SAMPLE BOOK

# ဇလပ်နီစာအုပ်အမှတ် - ၁၀၀


| | | |
|---|---|---|
| ပထမအကြိမ် | - | ဩဂုတ်လ၊ ၂၀၂၅ ခုနှစ်၊ ဇလပ်နီစာပေ |
| ငယ်ငယ်တုန်းကတော့ | | |
| သတင်းထောက် | - | စမ်းစမ်းနွဲ့(သာယာဝတီ) |
| မျက်နှာဖုံးပန်းချီ | - | ဗဂျီလင်းဝဏ္ဏ |
| အတွင်းပန်းချီ | - | မောင်နီး၊ ဗဂျီလင်းဝဏ္ဏ၊ ဝင်းထို |
| အတွင်းအပြင်အဆင် | - | ညလင်းသွေး၊ ဝင်းဝင်းရွှေ-ပုံရိပ်ရှင်၊ |
| စာတည်း | - | ဇေသစ်ထွန်း |
| အုပ်ရေ | - | ၁၀၀၀ |
| ဖြန့်ချိရေး | - | ဇလပ်နီစာပေ |
| | | ၀၉၈၉၉၆၄၀၆၆၈ ၊ ၀၉၄၄၇၂၆၈၂၆၇ |
| | | *www.zalatnisarpay.com* |
| ရောင်းဈေး | - | ၆၀၀၀ ကျပ် |

ဦးမင်းထက်ဟန်၊ တောင်ဇလပ်နီစာပေ (၀၂၇၇၄)၊ အမှတ် (၁၅)၊ ရန်ပြေ ၁၁ လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်ခင်မြင့်ဝေ၊ စာပေလောကပုံနှိပ်တိုက် (၀၀၄၁၀)၊ အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

စမ်းစမ်းနွဲ့(သာယာဝတီ)

ငယ်ငယ်တုန်းကတော့ သတင်းထောက်-

စမ်းစမ်းနွဲ့(သာယာဝတီ)၊ - ရန်ကုန်။

ဇလပ်နီစာပေတိုက်၊ ၂၀၂၅။

စာ-၉၃၊ ၁၃ × ၁၉ စင်တီ

(၁) ငယ်ငယ်တုန်းကတော့ သတင်းထောက်-


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ ငယ်ငယ်တုန်းကတော့ သတင်းထောက် ၈

၂။ သတင်းဝတ္ထု - ၁ ၁၈

၃။ သတင်းဝတ္ထု - ၂ ၂၈

၄။ သတင်းဝတ္ထု - ၃ ၃၆

၅။ သတင်းဝတ္ထု - ၄ ၄၄

၆။ သတင်းဝတ္ထု - ၅ ၅၄

၇။ သတင်းဝတ္ထု - ၆ ၆၂

၈။ သတင်းဝတ္ထု - ၇ ၇၂

စာရေးသူ၏ ကိုယ်ရေးအကျဉ်း ၈၇

ရေးသားထုတ်ဝေခဲ့သော စာအုပ်များစာရင်း ၉၁


mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

## ငယ်ငယ်တုန်းကတော့ သတင်းထောက်

သူ ထောင်မှ လွတ်ပြီး ဆယ့်သုံးရက် အကြာတွင် ကျွန်မ လူဖြစ်ခဲ့ပါသည်။

သို့သော်...

ကျွန်မ လူလားမြောက်ပြီး စာဖတ်အားသန်ချိန်တွင် သူ့အကြောင်း သတင်းဆောင်းပါးဟောင်းများ တွေ့ရှိ ဖတ်မိရာက သူ့ဘဝ ဖြစ်စဉ်ကို စွဲလမ်း စိတ်ဝင်စားခဲ့သည်။

သူကား ၁၉၃၂ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်နေ့က အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ဖြစ်ပွားခဲ့သော လူသတ်မှု တခုနှင့် ပတ်သက်၍ ထောင်ဒဏ် ၉၉ နှစ် အပြစ်ပေးခံရသော 'ဂျိုး' ဆိုသူ ဖြစ်ပါသည်။

*

'ဂျိုး' ကို ဒေးလီးတိုင်းမ် သတင်းစာ ဆရာများက စတင် စိတ်ဝင်စားခဲ့ကြခြင်း ဖြစ်သည်။



mgyoe.com

mgyoe.com SAMPLE BOOK


၁၉၄၄ ခု၊ အောက်တိုဘာ ၁၀ ရက်နေ့ထုတ် 'ဒေးလီးတိုင်းမ်' သတင်းစာပါ ကြော်ငြာတိုကလေးမှ ဇာတ်လမ်း စခဲ့ဟန် တူပါသည်။

၁၉၃၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်က အသတ်ခံခဲ့ရသော 'ရဲအရာရှိ လွန်ဒီ' အား သတ်သူ လူသတ်သမားကို ဖော်ထုတ်ပေးနိုင်လျှင် ဆုငွေ ဒေါ်လာ ၅၀၀၀ ပေးမည်။

ထို ကြော်ငြာတိုကလေးကို သတိပြုမိခဲ့သော တိုင်းမ်သတင်းစာ အယ်ဒီတာက သတင်းထောက်ကို စုံစမ်း ထောက်လှမ်းစေခဲ့သည်။

သတင်းထောက် 'ဂျက်ဖင်ဂိုယာ'မှာ စုံထောက် ဖြစ်ခဲ့ဖူးပြီး ဒေးလီးတိုင်းမ် သတင်းစာတွင် ရှုပ်ထွေးသော မှုခင်းသတင်းများကို ခဲခဲယဉ်းယဉ်း ထောက်လှမ်းဖော်ထုတ် ရေးသားနေသူ ဖြစ်ရာ ကြော်ငြာရှင်၏ သဲလွန်စကို ခပ်လွယ်လွယ်ပင် ရရှိခဲ့ပါသည်။

ကြော်ငြာရှင်မှာ 'တီလီဖက်ဇက်' ဆိုသူ အဘွားအိုတယောက် ဖြစ်ပြီး သူ့သားမှာ လူသတ်မှုဖြင့် ထောင်ကျနေသူ 'ဂျိုး' ဖြစ်ပါသည်။

အလုပ်ကြမ်းဒဏ်၊ နွမ်းပါးဟန်တို့ဖြင့် ဖိစီးနေသော အဘွားအို တီလီထံမှာ ဒေါ်လာ ၅၀၀၀ တကယ် ရှိ၊ မရှိ သတင်းထောက်က စုံစမ်းရသေးသည်။ အဘွားအိုမှာ အဟုတ်ပင် ဒေါ်လာ ၅၀၀၀ ရှိနေပါသည်။

သည်ငွေတွေ ဘယ်က ဘယ်လို ရထားသလဲ ဟူသော သတင်းထောက်၏ မေးခွန်းကို အဘွားအို တီလီ ဖြေလိုက်ပုံမှာ ကျွန်မ ရင်ထဲ နင့်ခနဲနေအောင် ခံစားလိုက်ရပါသည်။

'ကြမ်းတိုက်ပြီး စုထားတာလေ၊ ရုံးခန်းတွေမှာ ညတိုင်း ကြမ်းတိုက်တယ်။ တပတ်ကို တရက်ပဲ နားပြီး တည ရှစ်နာရီ ညတိုင်း ညတိုင်း ကြမ်းတိုက်လာခဲ့တာ အခု ဆယ့်တနှစ်တိတိ ကြာတော့ ဒေါ်လာ ၅၀၀၀ စုမိတာပေါ့။ ကျွန်မ သားလေးဟာ လူသတ်သမား


mgyoe.com

mgyoe.com


မဟုတ်ပါဘူးရှင်။ လူလိမ္မာလေးမို့ပါ'

ညပေါင်း ၃၅၀၀ ပါပဲဟု တွက်ချက်မိသည်။ အဘွားအို တိုက်ခဲ့သမျှ ကြမ်းပြင်တို့သည် ကေပေါင်းများစွာ ကျယ်ပြန့်ခဲ့ပြီ၊ ဆပ်ပြာရည်တို့လည်း ပင်လယ်ဝေလောက်ပါပြီ။

သတင်းထောက်များက ဆယ်စုနှစ် တခေတ်ကျော်လောက်က ဖြစ်ရပ်ဟောင်းကို ဇာတ်ကြောင်းလှန်ကြတော့သည်။

အမှုဟောင်း ပြန်ဖော်ခြင်းကို လိုလားရိုးထုံးစံ မရှိတတ်သော အာဏာပိုင်များ၏ အန္တရာယ်ကြားက အမှန်နှင့် အမှား၊ တရားမှုနှင့် မတရားမှုကို ပြက်ပြက်ထင်ထင် ပေါ်လွင်အောင် ဖော်ထုတ် ရပ်တည်ရဲသော သတင်းစာဆရာတို့၏ သတ္တိ၊ ဗျတ္တိကို လေးစားအားကျစိတ်ဝင်မိပါသည်။ လူသတ်မှု ဖြစ်ပွားစဉ်က ဂျိုးမှာ သူ့အိမ်တွင် ကျောက်မီးသွေး သယ်နေသည်ကို အိမ်နီးနားချင်းများက မြင်ကြသည်။ တရားရုံးတွင်လည်း သူတို့ မျက်မြင်အတိုင်း သက်သေ ထွက်ကြသည်။

လူသတ်မှု ဖြစ်ပွားရာ အရက်ပုန်းဆိုင်ရှင် အမျိုးသမီးကလည်း လူသတ်သမားတို့၏ ပုံပန်းမှာ ဂျိုးနှင့် မတူပါဟု ထွက်ဆိုထားသည်။

ဂျိုးက ပိန်လည်း ပိန်၊ လူကောင်ကလည်း သေးလွန်းသည်။ လူသတ်သမားတို့ထွက်ပြေးစဉ်မြင်လိုက်ရသူ သက်သေနှစ်ဦးကလည်း 'ဂျိုး'၏ ပုံပန်းနှင့် မတူကြောင်း အစစ်ခံကြသည်။

သို့ရာတွင် ထိုစဉ်က ချီကာဂိုမြို့မှာ ရာဇဝတ်မှုခင်း တင်းကျမ်းပြည့်နေလေသည်မို့ မြို့တော်ဝန်ခမျာ မဟာအရက်တော် အကွဲကြီးကွဲနေလေရာ ဤလူသတ်မှု ထပ်ဖြစ်သောအခါ မဟာအမျက်တော် သဲကြီးမဲကြီး ရှပြီး လူဆိုး ထင်သမျှ သိမ်းကျုံး ဖမ်းနေချိန် ဖြစ်သည်။ ထိုအခါ တရားခံ ထင်သမျှ မြန်မြန်ဆန်ဆန် ဖမ်း၊ မြန်မြန်ဆန်ဆန် ရုံးတင်ဖို့သာ အာရုံစောနေကြသော ဗောင်းတော်ညိတ်၊ စိတ်တော်သိ၊


mgyoe.com

mgyoe.com SAMPLE BOOK



အလိုတော်ရိ ပုလိပ်များကလည်း သက်သေတို့ကို အမျိုးမျိုး အပေး အယူလုပ် ကျုံးသွင်းကြသဖြင့် ဂျိုးခမျာ နောက်ဆုံးတွင် ထောင်ဒဏ် ၉၉ နှစ် ကျသွားခဲ့ရတော့သည်။

သည်အဖြစ်ကို မြေလှန်သော သတင်းထောက်များက ပုလိပ်နှင့် အစိုးရရှေ့နေတို့ ဖုံးဖိထားခဲ့သော မှတ်တမ်းဟောင်းများကို ရှာဖွေဖော်ထုတ်ကာ သတင်းစာမှ အကျယ်တဝင့် ရေးထည့်လိုက်ကြသည်။

'သက်သေအသစ် ရခဲ့လျှင် ထိုအမှုကို အပြစ်ရှိသည်ဟု ဆုံးဖြတ်မည် မဟုတ်ပါ' ဆိုသော ဂျူရီလူကြီး လေးဦး၏ ကျမ်းကျိန်ချက်ကိုပါ ထပ်ဆင့် ဖော်ပြလိုက်ကြသည်။

အဖြစ်မှန်အတိုင်း အစစ်ခံခဲ့ပါလျက် ဂျိုးကို အပြစ်ပေးခဲ့သဖြင့် မကျေမနပ် ဖြစ်နေကြသော ဂျိုး၏ အိမ်နီးချင်းများကလည်း တညီတညွတ်တည်း အားတက်သရော ကူညီကြသည်။ သို့ဖြင့် ဒေးလီးတိုင်းမ် သတင်းစာက ဂျိုးအတွက် ရှေ့နေငှားကာ တရားရုံးမှာ ပြန်ဖော်ထုတ်တော့သည်။

ရှေ့နေကြီးကလည်း သတင်းစာမှာ အစဉ်တစိုက် ဖော်ပြလာခဲ့သော အချက်အလက် အထောက်အထားများကို ကိုးကားပြီး ရုံးတော်မှာ လျှောက်လဲလေသည်။

နောက်ဆုံး ပြည်နယ်လွတ်ငြိမ်းခွင့်အဖွဲ့က ဂျိုးကို တရားသေလွတ်ပစ်ဖို့ ပြည်နယ် ဘုရင်ခံထံသို့ တင်ပြလိုက်သည့် အဆင့်သို့ ရောက်ခဲ့လေသည်။

၁၉၄၅ ဩဂုတ်လ ၁၅ ရက်နေ့တွင် ဂျိုး ထောင်မှ လွတ်သည်။

*

ဂျိုး ထောင်မှ လွတ်ပြီး ၁၃ ရက် အကြာတွင် ကျွန်မ လူဖြစ်ခဲ့



mgyoe.com

mgyoe.com
SAMPLE BOOK


ပါသည်။

သို့သော်...

ဆယ်ကျော်သက်စ တက်ကြွထက်သန်နေသော အရွယ်တွင် ထို ဖြစ်ရပ်ဟောင်းကို ဖတ်ရှု စွဲလမ်းမိရာက စိတ်ကူးစိတ်သန်းတွေ ဖွံ့ဖြိုးခဲ့ဖူးကြောင်း ဝန်ခံရပါမည်။

အမှားအယွင်း တခု၊ မတရားမှု တခု၏ သားကောင်များကို ညွတ်ကွင်းမှ ကယ်ထုတ်နိုင်စွမ်းသော သတင်းစာဆရာတို့၏ သတ္တိ၊ ဗျတ္တိတို့ကို မလေးစားဘဲ မနေနိုင်။ အားမကျဘဲ မနေနိုင်။

ငယ်ငယ်တုန်းက ကျွန်မကို သတင်းထောက် ဖြစ်အောင် တွန်းပို့ခဲ့သည့် အကြောင်းကြောင်းတို့အနက် ထို စိတ်ခံစားမှုမှာ တကြောင်း ဖြစ်ခဲ့ပါသည်။

ငယ်ရွယ်သူပီပီ လူစွမ်းကောင်း ဖြစ်ချင်စိတ် ဝင်ပူးတာလည်း မှန်သည်။

ကျွန်မသည် ယောကျ်ားရယ်၊ မိန်းမရယ် ခွဲခြား မမှတ်ဘဲ လူပီသလျှင် လူဟူ၍သာ မှတ်လိုသော ဂျာနယ်ကျော် အတွေးအယူ များဖြင့် ထွေးပွေ့ကြီးပြင်းလာခဲ့သူ ဖြစ်ရာ သူရဲကောင်း သတင်းစာ ဆရာ ဘဝကို မြတ်မြတ်နိုးနိုး ရည်စူးကြိုးပမ်းခဲ့ခြင်း ဖြစ်သည်။

သို့သော်...

တိုက်ပွဲပေါင်းများစွာကို မဖြတ်သန်းဖူးဘဲ၊ ဒဏ်ရာ အနာတရ ဗရပွ မရှိပါဘဲ သူရဲကောင်း ဘယ်လာဖြစ်နိုင်ပါမည်တဲ့လဲ။

အရွယ်ရောက်သော မိန်းမငယ်တယောက် ဖြစ်လာတော့ ကျွန်မမှာ ကိုယ်ခံအား မကောင်းလှတာ မိမိဘာသာ သဘောပေါက် လာသည်။

သူရဲကောင်း သတင်းစာဆရာတို့၏ သတ္တိ၊ ဗျတ္တိမျိုး ဝေးစွ၊


mgyoe.com

mgyoe.com SAMPLE BOOK



သာမန် လောကခံ ပဋိပက္ခကလေးတွေကိုပင် ကြံ့ကြံ့ခံနိုင်စွမ်း မရှိလှပါ။

ကိုယ့်ကိုယ်ကိုယ် ယောကျ်ားရယ်၊ မိန်းမရယ် ခွဲခြား မသတ်မှတ်သော်လည်း မြန်မာ့လူ့နေမှု ပတ်ဝန်းကျင်က ကျွန်မကို အရွယ်ရောက်စ မိန်းမငယ်လေး အဖြစ်သာ မှတ်ယူမြဲ မှတ်ယူလေသောအခါ 'သာယာဝတီခရိုင် အမျိုးသမီး သတင်းထောက်' ဆိုသော ကျွန်မသည် ပတ်ဝန်းကျင်တံတိုင်းနှင့် တဒိုင်းဒိုင်း ဝင်ဆောင့်ရပါလေတော့သည်။

တိုးရင်း၊ ဆောင့်ရင်း၊ လဲရင်း ထရင်းကပင် 'သတင်းစာလောကသည် ယောကျ်ား လောက' ဆိုသော စကားဟောင်းကို လက်ခံရမလို ရှိလာသည်။

မိန်းမတိုင်း ဖြတ်သန်း၍ မရနိုင်သော လောကတခု ဖြစ်သည်ကိုတော့ ဒိဋ္ဌ သဘောပေါက်ခဲ့ရပါသည်။ ဘယ်လောက်ပဲ စိတ်ကြီးဝင်နေစေကာမူ ထိုစဉ်က ကျွန်မသည် သာမန် မိန်းမငယ်လေး တယောက်သာ ဖြစ်ခဲ့ပါသည်။

*

အင်္ဂလိပ်လူမျိုး ဝေဖန်ရေး ဆရာကြီး 'ရပ်စကင်း' က ဤသို့ မိန့်ဆိုဖူးသည်။

'ယောကျ်ားနဲ့ မိန်းမတို့ရဲ့ ခြားနားတဲ့ လက္ခဏာတွေကို အကျဉ်းချုပ် ပြောရရင်... ယောကျ်ားရဲ့ စွမ်းအားဟာ လှုပ်ရှားတဲ့ သဘော ရှိတယ်။ ယှဉ်ပြိုင်လိုတဲ့၊ ခုခံလိုတဲ့ သဘော ရှိတယ်။ စွန့်စားဖို့ ဖြစ်တယ်။ တရားသဖြင့် တိုက်ပွဲဆင်နွှဲဖို့ ဖြစ်တယ်။ လိုအပ်ရင် အောင်နိုင်ဖို့ ဖြစ်တယ်။

ဒါပေမဲ့ မိန်းမတယောက်ရဲ့ စွမ်းအားဟာ တိုက်ခိုက်ဖို့



mgyoe.com

mgyoe.com
SAMPLE BOOK


မဟုတ်ဘူး၊ အဆုံးအဖြတ် ပေးဖို့ ဖြစ်တယ်။ မိန်းမဟာ ပြိုင်ပွဲထဲကို ဝင်မပါဘူး။ တိုက်ပွဲမှာ ဘယ်သူ မှားတယ်၊ မှန်တယ်၊ ဘယ်သူ တရားတယ်၊ မတရားဘူး ဆိုတာကို အကဲဖြတ်ဖို့သာ ဖြစ်တယ်...'

*

သတ္တိ နည်းသော၊ ခံနိုင်ရည် ပါးလျားသော ကျွန်မသည် လက်ပန်း မကျမီ၊ ဒဏ်ရာ အနာတရ မထိရှမီ သတင်းစာလောကမှ ဆုတ်ခွာ တိမ်းဖယ်ခဲ့ပါသည်။ (၁၉၆၀-၁၉၆၅)

လူမှုအားပြိုင်ပွဲ လောကခံ စစ်ပွဲတွေမှာ ပါဝင်နိုင်ဖို့ ကျွန်မ ကိုယ်ခံအား မကောင်းလှပါ။

မနေ့ တနေ့ကပင် ကျွန်မထက် ငယ်ရွယ်သူတွေကို စကားပြောဖြစ်ခဲ့သေးသည်။

ကျွန်မသည် ခေါင်းမာလှသူ ဖြစ်ပါသည်။ တော်တန်ရုံနှင့် ယုံကြည်ချက် အလံကို လှဲလိမ့်မည် မဟုတ်ပါ။

သို့သော်...

အလံ မလှဲသော်လည်း ခံရဲသူတယောက် မဟုတ်တာတော့ သိပ်ကို သေချာပါသည်။

ကြုံကြုံခံဖို့ မဆိုထားနှင့်၊ စဉ်းငယ်မျှ ထိပ်တိုက် တွေ့ရုံနှင့် ထိလွယ် ရှလွယ်ပါသည်။ သတ္တိ၊ ဇွဲတွေနှင့် ဖြတ်သန်းရသော သတင်းစာ လောကကို ကျွန်မ အရှုံးပေး လမ်းခွဲခဲ့သည်မှာ ကိုယ့်ကြမ္မာ ကိုယ့်ဘာသာ ဖန်တီးယူလိုက်ခြင်းပါပဲ။

ငယ်ငယ်တုန်းက စွဲလမ်းခဲ့ဖူးသော ဂျိုး၏ ဖြစ်စဉ်ကို ပြန်လည် ခံစားမိလျှင် ကျွန်မသည် ဒေးလီးတိုင်းမ် သတင်းစာဆရာတွေလို


mgyoe.com

mgyoe.com SAMPLE BOOK



လူစွမ်းကောင်း လုပ်လိုစိတ်၊ ဖြစ်လိုစိတ် ကဲကဲလျှံလျှံ မရှိတော့တာကို ဝန်ခံရပါတော့မည်။

အသက် လေးဆယ့်လေးနှစ် ဆိုသော အရွယ်မှာ ဘာကြောင့် ဒီလောက် 'ထုံ'သွားရသလဲဟု ကျွန်မကိုယ် ကျွန်မ စုံစမ်းစစ်ဆေးဆဲ ရှိသည်။

ခုတော့ ဂျိုးရဲ့မိခင် 'တီလီဖက်ဇက်'က ကျွန်မကို လွှမ်းမိုးထားပါပြီ။

သို့ဖြင့် စာရေးဆရာအဖြစ် ရပ်တည်ရာကလေးတခု ရရှိထားပါပြီ။

ငယ်ငယ်တုန်းကတော့ သတင်းထောက် အဖြစ်ဖြင့် လူမှု စစ်မျက်နှာမှာ ကိုယ်တိုင်ကိုယ်ကျ တိုက်ပွဲဝင်ဖို့ အားထုတ်ခဲ့ဖူးသည်။

ခုတော့...

စာရေးဆရာ အဖြစ်ဖြင့် ဘဝများစွာကို ထောက်လှမ်း မှတ်တမ်းဖွဲ့သူသာ ဖြစ်ခဲ့ရပါပြီ။ သတင်းထောက်လှမ်းသူ မဟုတ်တော့၊ ဘဝထောက်လှမ်းသူ ဖြစ်နေပါပြီ။

ကိုယ်တိုင်ကိုယ်ကျ ဝင်မပါဖြစ်တော့သော ထိုထို အားပြိုင်ပွဲများ၏ အမှားနှင့် အမှန်၊ တရားမှုနှင့် မတရားမှုတို့ကို ထောက်လှမ်း လေ့လာ အကဲဖြတ် မှတ်တမ်းဖွဲ့သော စာရေးဆရာ ဘဝတွင်လည်း နေပျော် ကျေနပ်ပါပြီ။

ကျွန်မ၏ အကဲဖြတ် မှတ်တမ်းများ၊ ဘဝထောက်လှမ်း တွေ့ရှိချက်များကို ကလီ ရှေးကလို ပေရွက်ပေါ်မှာ ကညစ်ဖြင့် ရေးပြီး အိမ်ခေါင်မိုးမှာ ထိုးခဲ့ရသည် ဖြစ်လည်း ကျွန်မ ကျေနပ်နိုင်ပါသည်။

■

(စာပေဂျာနယ်၊ စက်တင်ဘာ၊ ၁၉၉၀)



mgyoe.com

mgyoe.com




mgyoe.com

mgyoe.com
SAMPLE BOOK



# သတင်းဝတ္ထု ၁

"မင်း ငါ့ရဲ့ နောက်ဆုံးသတင်းကို အဆင်သင့် ရေးထားပြီး ပြီလား"

မျှော်လင့်မထားတဲ့ မေးခွန်းကြောင့် မျက်လုံးတွေ မိုက်ခနဲ ပြာသွားတယ်။ ကျွန်မ လက်ဖျားတွေကို ခပ်လျော့လျော့ ဆုပ်ထားတဲ့ ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရဲ့လက်တွေဟာ ဖြုန်းခနဲ တင်းကျပ်လာသလို ခံစားလိုက်ရတယ်။

mgyoe.com